# သာမန်မြန်မာနိုင်ငံကူးလက်မှတ် (PJ) အမျိုးအစား ကိုင်ဆောင်ထားသူများ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (Oversea Worker Identification Card – OWIC) ကိုင်ဆောင်ရေးဆိုင်ရာ အသိပေးကြေညာချက်

၁။ သာမန်မြန်မာနိုင်ငံကူးလက်မှတ် Passport For Job (PJ) အမျိုးအစား ကိုင်ဆောင်ထားသူ မြန်မာနိုင်ငံသားများ (သို့မဟုတ်) အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများသို့ ရောက်ရှိနေပြီး မြန်မာနိုင်ငံကူးလက်မှတ် (PJ) အမျိုးအစား ကိုင်ဆောင်၍ အလုပ်လုပ်ကိုင်ခွင့်ပါမစ်၊ အမြဲတမ်း နေထိုင်ခွင့်ပါမစ်၊ စီးပွားရေးပါမစ်များဖြင့် နေထိုင်လုပ်ကိုင်ကြသူများအနေဖြင့် (**အကြောင်း အမျိုးမျိုးဖြင့် မိခင်နိုင်ငံသို့ ပြန်လာပြီး အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ပြင်ပနိုင်ငံများသို့ ပြန်လည်ထွက်ခွာမည်ဆိုပါက**) ပြည်ပအလုပ်အကိုင် အလုပ်သမား သက်သေခံကတ် (OWIC) များအား **မဖြစ်မနေ** ကိုင်ဆောင်ထားရမည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာနမှ ပြဋ္ဌာန်းထုတ်ပြန်ထားပါသဖြင့် ပူးတွဲပါသတ်မှတ်ချက်အထောက်အထား မှန်ကန်ပြည့်စုံစွာဖြင့် အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြ လျှောက်ထားရန် လိုအပ်ပါကြောင်း၊ (OWIC) ကတ် ကိုင်ဆောင်ထားမှုရှိမှသာ ပြည်ပသို့ ပြန်လည် ထွက်ခွာခွင့် ရရှိမည်ဖြစ်ပါကြောင်းနှင့် (OWIC) ကတ် ပြုလုပ်မှုနှင့် လျှောက်ထားလာမှုများအား အလုပ်သမားဝန်ကြီးဌာနမှ စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

၂။ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) များ လျှောက်ထားခြင်းနှင့် ပတ်သက်၍ အလုပ်သမားဝန်ကြီးဌာန၏ Website ဖြစ်သော https://www.mol.gov.mm ၊ Safe Migration Facebook Page ၊ Safe Migration Telegram Channel များတွင် အသေးစိတ်ဝင်ရောက် ဖတ်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၃။ လက်ရှိတွင် မြန်မာနိုင်ငံကူးလက်မှတ် (PJ) အမျိုးအစား ကိုင်ဆောင်၍ ပြည်ပနိုင်ငံများတွင် အမြဲတမ်းနေထိုင်ခွင့်ပါမစ်ဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူများ၊ အသက်အရွယ် ကြီးရင့်ပြီး အငြိမ်းစားဝန်ထမ်းဖြစ်သူများနှင့် မှီခိုနေထိုင်သူများဖြစ်ပါက ကိုင်ဆောင်ထားသည့် နိုင်ငံကူး လက်မှတ် သက်တမ်းကုန်ဆုံး၍ သက်တမ်းတိုးအသစ်လျှောက်ထားလျှင် အခြားသက်ဆိုင်ရာ နိုင်ငံကူးလက်မှတ် အမျိုးအစားအား ပြောင်းလဲလျှောက်ထားရန်ဖြစ်ပါကြောင်းနှင့် မြန်မာသံရုံးမှ သက်ဆိုင်ရာနိုင်ငံကူး လက်မှတ် အမျိုးအစားအား စိစစ်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာသံရုံး၊ ဝါရှင်တန်မြို့**
**ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်**

MEDC

ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရန် လိုအပ်သည့် စာရွက်စာတမ်းများကို အောက်ပါအတိုင်းအမှန်ခြစ် ( ✓ )ဖြင့် ဖော်ပြအပ်ပါသည်-

| စဉ် | အကြောင်းအရာ | မိမိအစီအစဉ် (ကျွမ်းကျင်) | မိမိအစီအစဉ် (ဂျပန် ကျွမ်းကျင်) | ခွင့်ပြန် | PR ခွင့်ပြန် | OWIC သက်တမ်းတိုး | OWIC ပျောက်ဆုံး |
|---|---|---|---|---|---|---|---|
| ၁။ | ညွှန်ကြားရေးမှူးချုပ် ထံလိပ်မူသည့် အပေါ်စာ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| ၂။ | နိုင်ငံကူးလက်မှတ် မိတ္တူ(PJ) | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| ၃။ | Offer Letter (or) Demand Letter | ✓ | ✓ | | | | |
| ၄။ | အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ် | ✓ | ✓ | | | | |
| ၅။ | ပြည်ဝင်ခွင့်ဗီဇာ | ✓ | ✓ | | | | |
| ၆။ | သက်တမ်းရှိ အလုပ်လုပ်ခွင့်ပါမစ်၊ နေထိုင်ခွင့်ပါမစ် | | | ✓ | ✓ | ✓ | ✓ |
| ၇။ | အလုပ်ရှင်၏ ခွင့်စာ | | | ✓ | ✓ | ✓ | ✓ |
| ၈။ | ကာလရှည်နေထိုင်ခွင့် (COE) | | ✓ | | | | |
| ၉။ | ဂျပန်စာ အရည်အချင်းလက်မှတ် | | ✓ | | | | |
| ၁၀။ | ဘွဲ့လက်မှတ်၊ ကျွမ်းကျင်မှုလက်မှတ် | ✓ | ✓ | | | | |
| ၁၁။ | ပြည်ဝင်/ ပြည်ထွက် လဝက တံဆိပ်တုံး | | | ✓ | ✓ | ✓ | ✓ |
| ၁၂။ | ပြည်ပ အလုပ်အကိုင် လမ်းညွှန် သင်တန်းဆင်းလက်မှတ် | ✓ | ✓ | | | | |
| ၁၃။ | OWIC အဟောင်း ရှေ့/ နောက်မိတ္တူ | | | | | ✓ | |
| ၁၄။ | ရဲစခန်းထောက်ခံချက်၊ သတင်းစာ ကြော်ငြာဖြတ်ပိုင်း | | | | | | ✓ |